# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# သတ္တမနေ့အစီအစဉ်
# [ ၂၄–၁–၂၀၁၃ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ် မီတာ ၄၀၀ အားကစားကွင်းအတွင်း မိုးလုံ၊ လေလုံ အားကစားရုံတစ်ရုံအား ချမှတ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ခ ) ဒေါ်နန်းစေအွာ၊ ဘားအံ မဲဆန္ဒနယ်၏ **လှာကာ(ဖားပု)–သထုံ မီးရထားလမ်းဖောက်လုပ်ရာတွင် ပိုမိုသိမ်းယူထားသော လယ်မြေများအား နစ်နာသော လယ်ပိုင်ရှင်ထံသို့ ပြန်လည် ပေးအပ်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ဂ ) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်(ကိုယ်စား) ဦးခင်မောင်ညွှန့် သပိတ်ကျင်း မဲဆန္ဒနယ်၏ **ကျွဲဒတ်ဆုံကျေးရွာအုပ်စု၊ ကိုင်းရိုး ကျေးရွာ၏ အခြေခံပညာမူလတန်းကျောင်းမှာ သက်တော်ဆည်နှင့်နီးပြီး အမြဲစိုစွတ်နေသောကြောင့် ဆည်နှင့်ဝေးရာနေရာသို့ ပြောင်းရွှေ့ တည်ဆောက်နိုင်ရေးအတွက် ရန်ပုံငွေခွဲဝေချထား ပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။